**(၁၄-၅-၂၀၂၁) မှ (၂၀-၅-၂၀၂၁)ထိ ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်**

**အခြေအနေ လေ့လာ သုံးသပ်တင်ပြခြင်း**

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၂ ဖြင့်လည်းကောင်း၊ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၆ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၉ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော့မထ (၅ %) ဆန်၊ ညှော့မထ (၂၅ %) ဆန်ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန် ဈေးနှုန်းများမှာ တည်ငြိမ်နေခဲ့သည်ကို သိရှိရပါသည်။

၄။ ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင်လည်း ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် ထိုင်းနိုင်ငံကို ဆက်လက်ကျော်ဖြတ်၍ ရပ်တည်ဦးဖွယ်ရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) က ခန့်မှန်းထားကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း ဆန်တန်ချိန် ၆.၄ သန်းတင်ပို့နိုင်ဖွယ်ရှိသဖြင့် ယခင်နှစ် တင်ပို့မှု ပမာဏထက် တန်ချိန် ၂ သိန်းကျော် ပိုများလာမည်ဟု USDA က ခန့်မှန်းထားပါသည်။ ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်က ပြည်ပသို့ ဆန်တန်ချိန် ၆.၁၅ သန်း တင်ပို့ခဲ့ပြီး နိုင်ငံခြားဝင်ငွေ ကန်ဒေါ်လာ ၃.၀၇ သန်း ရရှိခဲ့ရာ နှစ်အလိုက် နှိုင်းယှဉ်ချက်အရ ပမာဏ ၃.၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ပို့ကုန်တန်ဖိုး ၉.၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း

တွေ့ရှိရပါသည်။ ယခုနှစ်၏ ပထမ လေးလပတ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၁.၈၉ သန်းရှိရာ ယခင်နှစ် အလားတူကာလထက် တင်ပို့မှုပမာဏ ၁၀.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး တန်ဖိုးအနေဖြင့် ၁.၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၅။ အိန္ဒိယနိုင်ငံကမူ ယခုနှစ်အတွင်း ဆန်တန်ချိန် ၁၅.၅ သန်း တင်ပို့၍ ကမ္ဘာ့ဆန် တင်ပို့မှု အများဆုံး နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားဖွယ်ရှိပြီး ယခင်က ဆန်တင်ပို့မှု ဒုတိယအများဆုံး ဖြစ်ခဲ့သော ထိုင်းနိုင်ငံမှာ ယခုနှစ်တွင် တင်ပို့ပမာဏ တန်ချိန် ၆.၁ သန်းဖြင့် တတိယနေရာတွင် ရပ်တည်မည်ဖြစ်ကြောင်း USDA ၏ ခန့်မှန်းချက်အရ သိရှိရပါသည်။

၆။ လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ မေလ ၁၄ ရက်နေ့ အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၃၀) ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု ဆန် တန်ချိန် ၇၈၇၆၂၆.၆၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၀.၃၉၉ သန်း၊ ဆန်ကွဲ တန်ချိန် ၅၈၉၄၁၅.၃၃၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၀၃.၈၁၅ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့ နိုင်မှု တန်ချိန် ၁၃၇၇၀၄၁.၉၇၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၂၄.၂၁၄ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၂၁၂၈၅၅.၆၄၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၃၇၂.၆၅၈ သန်း၊ ဆန်ကွဲတန်ချိန် ၆၃၇၇၇၂.၀၈ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆၇.၀၅၇ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၈၅၀၆၂၇.၇၂၃ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၅၃၉.၇၁၅ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရ ပါသည်။

၇။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၄၂၅၂၂၉ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂.၂၅၉ သန်း တင်ပို့မှု လျော့နည်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဆန်ကွဲ တင်ပို့မှု တွင် တန်ချိန် ၄၈၃၅၆.၇၅၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆.၇၅၈ သန်း ပိုမိုခဲ့သည်ကို သိရှိရပါသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ ရောင်းချနိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံ နိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါသည်။

၈။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့ တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၅၉ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၉၇၈၅ ကျပ်မှ ၃၁၀၈၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၅၂ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၉။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ မကွေးမြို့တွင် ၁၆၅၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် ပြည်မြို့တို့တွင် ၁၁၀၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၀။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၀.၁၉ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ မေလ တတိယပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။